# ၁၃၈၇-ခုနှစ်၊ (၂၀၂၅) ခုနှစ်

# အစိုးရပါဠိပထမပြန်စာမေးပွဲ

# အခြေပြုမူလတန်း

# မေးခွန်းနှင့်အဖြေ



✍ အရှင်သီလဝံသာလင်္ကာရ(Y.S.O) မျှဝေပူဇော်ပါသည်✍

## အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇-ခုနှစ်၊ (၂၀၂၅) အခြေပြုမူလတန်း။ ။သုတ္တမာရမဂ္ဂဒီပနီ မေးခွန်းနှင့်အဖြေ

---

၁။ **(မေး)** "ယစ်မျိုးကြူးငြား၊ သူတို့အား၊ ခြောက်ပါးအပြစ်ရှု။"ဟူသည်နှင့်အညီ ယစ်မျိုးသောက်စားမှုအပြစ် (၆)ပါးတို့တွင် ရှေ့(၃)ပါးကိုသာ ပါဠိ/မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုပါ။

၁။ **(ဖြေ)** **ယစ်မျိုးသောက်စားမှုအပြစ်(၆)ပါးတို့တွင် ရှေ့(၃)ပါး**

၁။ သန္ဒိဋ္ဌိကဓနဇာနိ - ယခုမျက်မှောက်ဘဝမှာ ဥစ္စာပြုန်းတီးခြင်း။

၂။ ကလဟပ္ပဝဍ္ဎနီ - ခိုက်ရန်ဒေါသပွားများခြင်း။

၃။ ရောဂါနံ အာယတနံ - ရောဂါဆိုး အနာဆိုးတို့ ပေါ်ပေါက်ပွားများရန် အကြောင်းဖြစ်ခြင်း။

(နှာ-၁၄/၁၅) **(၁၀-မှတ်)**

၂။ **(မေး)** " ညဥ့်လမ်းလျှောက်သူ၊ မတော်လူ၊ ပြစ်မူ ခြောက်ပါးထွေး။"ဟူသည်နှင့်အညီ ညအခါ လမ်းလျှောက်မှု အပြစ်(၆)ပါးတို့တွင် နောက်ဆုံး(၂)ပါးကိုသာ ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုပါ။

၂။ **(ဖြေ)** **ညအခါလမ်းလျှောက်မှု အပြစ်(၆)ပါးတို့တွင် နောက်ဆုံး(၂)ပါး-**

၁။ အဘူတဝစနံ စ ရုဟနာ - သူတပါးတို့ မဟုတ်မတရား စွဲဆိုသော်လည်း အဟုတ်ဖြစ်၍ မှုပြစ်မင်းဒဏ် ရောက်လွယ်ခြင်း။

၂။ ဗဟူဒုက္ခ ပုရက္ခတ - ဒုက္ခအမျိုးမျိုး တွေ့ကြုံရန် ရှေးရှုလျက်ရှိနေခြင်း။ (နှာ-၁၆) **(၁၀)မှတ်**

၃။ **(မေး)** အညဒတ္ထုဟရမိတ်၏လက္ခဏာများကို ပြည့်စုံစွာ ရေးသားဖြေဆိုပါ။

၃။ **(ဖြေ)** **အညဒတ္ထုဟရမိတ်၏လက္ခဏာများ**

၁။ ပေးမည်ဟု မကြံ, ရတိုင်းသာ ဆောင်ယူခြင်းလက္ခဏာတစ်ပါး။

၂။ အနည်းငယ်ပေး၍ အများယူခြင်း လက္ခဏာတစ်ပါး။

၃။ မလွှဲသာလှမှ ကိစ္စကို ဆောင်ရွက်ခြင်း လက္ခဏာတစ်ပါး။

၄။ မိမိအကျိုးကို ငဲ့၍သာ ပေါင်းဖော်ခြင်း လက္ခဏာတစ်ပါး။ (နှာ-၂၃) **(၁၀)မှတ်**

၄။ **(မေး)** အရပ်ဒိသာ ခြောက်မျက်နှာတို့တွင် "ဒက္ခိဏဒိသာ"မည်သောပုဂ္ဂိုလ်ကို မှန်ကန်စွာ ဖော်ပြ၍ သားသမီးတို့ပြုရမည့်ဝတ် (၅)ပါးတို့တွင် ရှေ့ဆုံး(၂)ပါးကိုသာ ဖြေဆိုပါ။

၄။ **(ဖြေ)** **ဒက္ခိဏဒိသာမည်သောပုဂ္ဂိုလ်**

အတတ်ပညာ သင်ပေးသောဆရာသည် "ဒက္ခိဏဒိသာ"မည်သောပုဂ္ဂိုလ် မည်၏။

(နှာ-၃၂) **(၄)မှတ်**

**သားသမီးတို့ပြုရမည့်ဝတ် (၅)ပါးတို့တွင် ရှေ့ဆုံး(၂)ပါး**

၁။ ကျွေးမွေးတုံ့ ကျွေးမွေးလုပ်ညှပ် ကျွေးမွေးရခြင်း။

၂။ မိ,ဘတို့၌ ဆိုက်တိုက်၍လာသော မင်းရေးစိုးခွင့်စသည်တို့ကို မိမိကိစ္စပြု၍ ဆောင်ရွက်ရခြင်း။

(နှာ-၃၃) **(၆)မှတ်။**

၅။ **(မေး)** "အရပ်ဒိသာ၊ ခြောက်မျက်နှာ၊ လုံစွာ ပိတ်ဆို့ထား။"ဟူသောလင်္ကာတွင် ပါဝင်သည့် 'ပိတ်ဆို့ထား' အဓိပ္ပါယ်ကို ရှင်းလင်းဖြေဆို၍၊ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေးတို့၏ အဓိပ္ပါယ်ကိုလည်း ပြည့်စုံစွာ ဖြေဆိုပါ။

၅။ **(ဖြေ) 'ပိတ်ဆို့ထား' အဓိပ္ပါယ်-**

'ပိတ်ဆို့ထား'ဆိုသည်ကား အရပ်ဒိသာခြောက်မျက်နှာတို့မှ အတ္တာနုဝါဒဘေး, ပရာနုဝါဒဘေးတို့ မိမိထံသို့ မလာရောက်အောင် ပိတ်ဆို့ထားမှုတည်း။ (နှာ-၄၄) **(၃)မှတ်**

**အတ္တာနုဝါဒဘေး၏ အဓိပ္ပါယ်-**

'အတ္တာနုဝါဒဘေး'ဆိုသည်ကား ငါမပြုခဲ့လေခြင်းဟု မိမိကိုယ်ကို မိမိ စွပ်စွဲသောဘေးတည်း။

**(၂)မှတ်**

**ပရာနုဝါဒဘေး၏ အဓိပ္ပါယ်-**

'ပရာနုဝါဒဘေး'ဆိုသည်ကား လောက၌ လူပညာရှိ, ရှင်ပညာရှိတို့သည်လည်းကောင်း၊ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, မြို့စောင့်နတ်, ရွာစောင့်နတ်, သာသနာစောင့်နတ်, လောကပါလနတ်တို့သည်လည်းကောင်း ထိုသား, သမီးများကို ကဲ့ရဲ့ကြကုန်၏။ ဤသို့ သူတစ်ပါးတို့၏ ကဲ့ရဲ့ခြင်းသည် ပရာနုဝါဒဘေး မည်၏။ (နှာ-၄၅) **(၅)မှတ်**

## အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇–ခုနှစ်၊ (၂၀၂၅) အခြေပြုမူလတန်း။ ။ဝိနည်းကျင့်ဝတ် မေးခွန်းနှင့်အဖြေ

၁။ **(မေး)** ပတ္တကလ္လအင်္ဂါလေးပါးကို ပြဆိုသောပါဠိနှင့် အောင်သွယ်တော် ဖိုးရွှေလမင်း မလုပ်ရန် တားမြစ်ထားသော သိက္ခာပုဒ်ကို ပါဠိရေးပါ။

၁။ **(ဖြေ)** **ပတ္တကလ္လအင်္ဂါလေးပါးကို ပြဆိုသောပါဠိ-**
ဥပေါသထော ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ။
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ နဟောန္တိ၊ ပတ္တကလ္လန္တိ ဝုစ္စတိ။ (ပါ-၁) **(၅-မှတ်)**

**အောင်သွယ်တော် ဖိုးရွှေလမင်း မလုပ်ရန် တားမြစ်ထားသော သိက္ခာပုဒ်-**
ယော ပန ဘိက္ခု သဥ္စရိတ္တံ သမာပဇ္ဇေယျ၊ ဣတ္ထိယာ ဝါ ပုရိသမတိံ ပုရိသဿ ဝါ ဣတ္ထိမတိံ ဇာယတ္တနေ ဝါ ဇာရတ္တနေ ဝါ အန္တမသော တင်္ခဏိကာယပိ သံဃာဒိသေသော။(ပါ-၆)**(၅-မှတ်)**

၂။ **(မေး)** အောက်ပါတို့ကို အနက်ပေးပြပါ။
(က) ယာဝဒေဝ ဟိရီကောပိနပ္ပဋိစ္ဆာဒနတ္ထံ။
(ခ) တထာရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနော။
(ဂ) မာယသ္မာ သမဂ္ဂဿ သံဃဿ ဘေဒါယ ပရက္ကမိ။

၂။ **(ဖြေ)** (က) ယာဝ ဟိရီကောပိနပ္ပဋိစ္ဆာဒနတ္ထံ ဧဝ၊ ဟိရီဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။
(ရှင်ကျင့်ဝတ်-၁) **(၃-မှတ်)**
(ခ) တထာရူပံ၊ ထိုသို့ပါဒ ပါဒါရဟ အတိရေကပါဒ သဘောရှိသော။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို။ အာဒိယမာနော၊ ခိုးယူသော။ ဘိက္ခု၊ရဟန်းသည်။ (ပါ၊ ၃) **(၃-မှတ်)**
(ဂ) အာယသ္မာ၊ အရှင်သည်။ သမဂ္ဂဿ၊ ကိုယ်စိတ်နှင့်တကွဖြစ်သော။ သံဃဿ၊ သံဃာ၏။ ဘေဒါယ။ ကွဲပြားခြင်းငှာ။ မာ ပရက္ကမိ၊ လုံ့လမပြုလင့်။ (ပါ၊ ၈) **(၄-မှတ်)**

**မှတ်ချက်။ ။မည်သည့်နိဿယဖြင့်မဆို သဒ္ဒါနည်းမှန်ကန်ပါက အမှတ်ပြည့်ပေးရန်။**

၃။ **(မေး)** သူခိုးများနှင့်ပတ်သက်၍ ရာဇဂြိုဟ်ပြည်၌ ချမှတ်ထားသော ပြစ်ဒဏ်များကို ဖော်ပြ၍၊ အဘယ်သို့သော ရဟန်းကို "သံဃဘေဒကရဟန်း"ဟု ခေါ်ပါသနည်း? ဖြေဆိုပါ။

၃။ **(ဖြေ)** **သူခိုးများနှင့်ပတ်သက်၍ ရာဇဂြိုဟ်ပြည်၌ ချမှတ်ထားသော ပြစ်ဒဏ်များ**
မင်းတို့သည် ခိုးသူကိုဖမ်း၍ သင်သည် သူခိုးဖြစ်၏၊ လူမိုက်ဖြစ်၏၊ တွေဝေသူဖြစ်၏၊ ခိုးဝှက်တတ်သူဖြစ်၏-ဟု ကြိမ်းမောင်းပြောဆိုလျက် သတ်ပုတ်ညှဥ်းဆဲခြင်း, ချုပ်နှောင်ခြင်း, တိုင်းပြည်မှ နှင်ထုတ်ခြင်းတို့ ဖြစ်ပါသည်။ (ပါ-၃) **(၅-မှတ်)**

**"သံဃဘေဒကရဟန်း"ဟူသည်-**
ကိုယ်စိတ်နှင့်တကွဖြစ်သော သံဃာ၏ကွဲပြားခြင်းငှာ လုံ့လပြုသော ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းကိုမူလည်း ကောင်းစွာဆောက်တည်၍ ချီးမြှောက်၍ တည်သောရဟန်းကို ဆိုလိုပါသည်။
(ပါ-၇) **(၅-မှတ်)**

၄။ **(မေး)** ရဟန်းသာမဏေများအနေဖြင့် ရွာတွင်း၌ နေထိုင်ရာဝယ် ရှောင်ရှားရမည့်အချက်များကို ခမ္ဘကတဝဂ်လာသည့်အတိုင်း ဖြေဆို၍၊ ခရီးသွားရာ၌ လိုက်နာရမည့် အာဂန္တုကကျင့်ဝတ်ကိုလည်း ခန္ဓကဝတ်လာသည့်အတိုင်း ဖြေဆိုပါ။

၄။ **(ဖြေ) ရဟန်းသာမဏေများ ရွာတွင်း၌ နေထိုင်ရာဝယ် ရှောင်ရှားရမည့်အချက်များ-**
၁။ ခါးထောက်လျက် နေထိုင်ခြင်း။
၂။ ဦးခေါင်းခြုံလျက် နေထိုင်ခြင်း။
၃။ လက်အာယောဂပတ် ပုဆိုးအာယောဂပတ် ဖွဲ့လျက် နေထိုင်ခြင်းတို့ ဖြစ်ပါသည်။
(ရှင်ကျင့်ဝတ်၊ ၃၀-၃၁) **(၆-မှတ်)**

**အာဂန္တုကကျင့်ဝတ်-**
အာရာမ်အတွင်းသို့ မဝင်မီ ဖိနပ်ချွတ်ခြင်း၊ ထီးရုတ်ခြင်း၊ ဦးခေါင်းခြုံကို ဖွင့်ခြင်း၊ ဦးခေါင်း၌ တင်သော သင်္ကန်းကို ပုခုံးသို့ချခြင်းစသည်တို့ ဖြစ်ပါသည်။ (ရှင်ကျင့်ဝတ်-၅၀) **(၄-မှတ်)**

၅။ **(မေး)** အောက်ဖော်ပြပါ ရဟန်း/သာမဏေတို့အား သင့်ရောက်သောအပြစ်တို့ကို ဖော်ပြပါ။
(က) လူတစ်ယောက်ကို အောက်လမ်းဖြင့် သတ်သောရဟန်း။
(ခ) မိန်းကလေးတစ်ယောက်၏ ဆံနွယ်ကို ကိုင်သောရဟန်း။
(ဂ) တရားတော်၏ မကောင်းကြောင်းကို ပြောဆိုသော သာမဏေ။
(ဃ) ရဟန်းနှစ်ပါးကို ကုန်းတိုက်သော သာမဏေ။
(င) ဆွမ်းကို ပလုပ်ပလောင်းစားသော သာမဏေ။

၅။ **(ဖြေ)** (က) ပါရာဇိကအာပတ်။ (ပါ-၃) **(၂-မှတ်)**
(ခ) သံဃာဒိသေသ်အာပတ်။ (ပါ-၅) **(၂-မှတ်)**
(ဂ) လိင်။ (ရှင်ကျင့်ဝတ်-၉) **(၂-မှတ်)**
(ဃ) ဒဏ်။ (ရှင်ကျင့်ဝတ်-၁၃) **(၂-မှတ်)**
(င) ဒဏ်။ (ရှင်ကျင့်ဝတ်-၃၄) **(၂-မှတ်)**

## အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇-ခုနှစ်၊ (၂၀၂၅) အခြေပြုမူလတန်း။ ။ကစ္စည်းသဒ္ဒါကြီး မေးခွန်းနှင့်အဖြေ

၁။ **(မေး)** ၁။ အောက်ပါတို့ကို သုတ်စဉ်ပါဠိ မှန်ကန်စွာ ရေးပြပါ။
(က) နောက်သရကျေပြီးသော် ရှေ့သရကို ဒီဃပြုသောသုတ်။
(ခ) အတ္တ-သဒ္ဒါနောင် သ-ဝိဘတ်ကို နော-ပြုသောသုတ်။
(ဂ) တော-အစရှိသော ပစ္စည်းတို့ကို ဝိဘတ်အမည်မှည့်သောသုတ်။
(ဃ) အာချာတ်ပထမပိုင်းလာ နောက်ဆုံးသုတ်။
(င) ကိတ်ကျမ်းလာ ဝဒ မဒ-အစဖြာသောသုတ်။

၁။ **(ဖြေ)** (က) ပုဗ္ဗော စ။ (ကစ္စည်း၊ ၄၄) **(၂-မှတ်)**
(ခ) သဿ နော။ (ကစ္စည်း၊ ၁၁၉) **(၂-မှတ်)**
(ဂ) တွာဒယော ဝိဘတ္တိသညာယော။ (ကစ္စည်း၊ ၁၂၉) **(၂-မှတ်)**
(ဃ) ဟိယျတ္တနီ သတ္တမီ ပဉ္စမီ ဝတ္တမာနာ သဗ္ဗဓာတုကံ။ (ကစ္စည်း၊ ၂၂၃) **(၂-မှတ်)**
(င) ဝဒ မဒ ဂမု ယုဇ ဂရဟာကာရာဒီဟိ ဇ္ဇ မ္မ ဂ္ဂ ယှေယျာ ဂါရော ဝါ။(ကစ္စည်း၊ ၂၆၈) **(၂-မှတ်)**

၂။ **(မေး)** အောက်ပါတို့ကို မှန်ကန်စွာ သုတ်နက်ရေးပြပါ။
(က) က္လဝဏ္ဏော ယံ နဝါ။
(ခ) သဗ္ဗဿိမဿေ ဝါ။
(ဂ) အနုမတိ ပရိကပ္ပတ္ထေသု သတ္တမီ။

၂။ **(ဖြေ)** **(က) က္လဝဏ္ဏော ယံ နဝါ**

သရေ၊ နောက်သရကြောင့်။ က္လဝဏ္ဏော၊ က္လဝဏ်သည်။ နဝါ၊ အချို့။ ယံ၊ ယ-အဖြစ်သို့၊ ပပ္ပေါတိ၊ ရောက်၏။ (သပြေကန်၊ ပ၊ ၁၂၀) **(၃-မှတ်)**

**(ခ) သဗ္ဗဿိမဿေ ဝါ**

သုနံဟိသု၊ သု, နံ, ဟိ-ဝိဘတ်တို့ကြောင့်။ သဗ္ဗဿ၊ အလုံးစုံသော။ ဣမဿ၊ ဣမ-သဒ္ဒါ၏။ ဧ၊ ဧ-ပြုသည်။ ဝါ၊ အချို့။ ဟောတိ၊ ဖြစ်၏။ (သပြေကန်၊ ပ၊ ၃၉၁) **(၃-မှတ်)**

**(ဂ) အနုမတိ ပရိကပ္ပတ္ထေသု သတ္တမီ။**

အနုတ္တကာလေ၊ အနီး၌ပြောဆိုအပ်သော ပစ္စုပ္ပန်ကာလ၌။ (ဝါ) နောက်ဆုံးဟောတော်မူအပ်သော ပစ္စုပ္ပန်ကာလ၌။ (ဝါ) အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု သီးခြားကန့်သတ် မသုံးသပ်အပ်သော အနာမဋ္ဌကာလ၌။ အနုမတိပရိကပ္ပတ္ထေသု၊ ခွင့်လွှတ်စုံစမ်းခြင်း, ကြံစည်အောက်မေ့ခြင်း အနက်တို့၌။ သတ္တမီ၊ သတ္တမီဝိဘတ်သည်။ ဟောတိ၊ ဖြစ်၏။ (သပြေကန်၊ ဒ၊ ၄၀၁) **(၄-မှတ်)**

၃။ **(မေး)** အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ် (ခ)ကို ပုဒ်စပ် (ဂ)ကို ဓာတ်, ဝိဘတ် ခွဲပြပါ။
(က) တက်ာရုဏိကံ၊ အဇ္ဈောကာသေ။ (ခ) သော+အဿ၊ ပရိ+ဧသနာ။ (ဂ) ဇာနိယာ။

၃။ **(ဖြေ)** **(က) တက်ာရုဏိကံ**-ကို **တံ+ကာရုဏိကံ**-ဟု ပုဒ်ဖြတ်။ (သပြေကန်၊ ပ၊ ၁၄၀) **(၂-မှတ်)**
**အဇ္ဈောကာသေ**-ကို **အဓိ+ဩကာသေ**-ဟု ပုဒ်ဖြတ်။ (သပြေကန်၊ ပ၊ ၁၆၃) **(၂-မှတ်)**
**(ခ) သော+အဿ**-ကို **သွဿ**-ဟု ပုဒ်စပ်။ (သပြေကန်၊ ပ၊ ၁၁၂) **(၂-မှတ်)**
**ပရိ+ဧသနာ**-ကို **ပရိယေသနာ**-ဟု ပုဒ်စပ်။ (သပြေကန်၊ ပ၊ ၁၇၅) **(၂-မှတ်)**
**(ဂ) ဇာနိယာ**-ကား **ဉာဓာတ်+ဧယျဝိဘတ်**။ (သပြေကန်၊ ဒု၊ ၅၂၈) **(၂-မှတ်)**

၄။ **(မေး)** ဗုဒ္ဓါနုသာသနံ-ကို သန္ဓိရုပ် တွက်ပြ၍၊ မနသိ-ကိုလည်း နာမ်ရုပ်ကျဉ်း တွက်ပြပါ။

၄။ **(ဖြေ)** **ဗုဒ္ဓါနုသာသနံ-ကို သန္ဓိရုပ် တွက်ပုံ**
ဗုဒ္ဓါနုသာသနံ-ကို ဗုဒ္ဓါနံ+သာသနံ ဟု ပုဒ်ဖြတ်၍တည်၊ ဗျဉ္ဇနေ စ-ဟူသောသုတ်ဖြင့် နောက် သ-ဗျည်းကြောင့် န-အထက်၌ ရှိသောနိဂ္ဂဟိတ်ကို ချေ၊ ဗုဒ္ဓါနုသာသနံ-ကား ပြီး၏။
(သပြေကန်၊ ပ၊ ၁၅၅) **(၅-မှတ်)**

**မနသိ-ကို နာမ်ရုပ်ကျဉ်း တွက်ပုံ**
မနသိ-ကို မန-သဒ္ဒါတည်၊ သ္မိံ-ဝိဘတ်သက်၊ မနောဂဏာဒိတော သ္မိံနာနမိအာ-ဟူသောသုတ်ဖြင့် မနောဂိုဏ်း မန-သဒ္ဒါမှ နောက်ဖြစ်သော သ္မိံ-ဝိဘတ်ကို ဣ-ပြု၊ သ သရေ ဝါ ဂမေ-ဟူသောသုတ်ဖြင့် ဣ-သရကြောင့် မနောဂိုဏ်း မန-သဒ္ဒါမှ နောက်၌ သ်-လာ၊ သ်+ဣ-သို့ကပ်၊ မနသိ-ကား ပြီး၏။
(သပြေကန်၊ ပ၊ ၄၀၆) **(၅-မှတ်)**

၅။ **(မေး)** ယုဝ-သဒ္ဒါကို ဆဋ္ဌီဝိဘတ်, အမှ-သဒ္ဒါကို ဒုတိယာဝိဘတ်ဖြင့် နာမပဒမာလာ စဉ်ပြပါ။

၅။ **(ဖြေ)** **ယုဝ-သဒ္ဒါ ဆဋ္ဌီဝိဘတ်တို့ဖြင့် နာမပဒမာလာစဉ်ပုံ-**
ယုဝါနဿ, ယုဝဿ, ယုဝိနော၊ ယုဝါနာနံ, ယုဝါနံ။ (အခြေပြု တွဲဖက်၊ ၆၈) **(၅-မှတ်)**

**အမှ-သဒ္ဒါ ဒုတိယာဝိဘတ်တို့ဖြင့် နာမပဒမာလာစဉ်ပုံ-**
မံ, မမံ၊ အမှေ, အမှာကံ, နော။ (အခြေပြု တွဲဖက်၊ ၁၁၇) **(၅-မှတ်)**

**အစိုးရပါဠိပထမပြန်စာမေးပွဲ**

**၁၃၈၇-ခုနှစ်၊ (၂၀၂၅) အခြေပြုမူလတန်း။ ။အဘိဓမ္မတ္ထသင်္ဂဟ မေးခွန်းနှင့်အဖြေ**

---

၁။ **(မေး)** စိတ်ချင်းထူးအောင် ပြုတတ်သော စေတသိက်များကို ပြဆိုသော သင်္ဂဟဂါထာကို ပါဠိရေးပါ။

၁။ **(ဖြေ) စိတ်ချင်းထူးအောင် ပြုတတ်သောစေတသိက်များ**

အနုတ္တရေ ဈာနဓမ္မာ၊
အပ္ပမညာ စ မဇ္ဈိမေ။
ဝိရတီ ဉာဏပီတိ စ၊
ပရိတ္တေသု ဝိသေသကာ။ (သင်္ဂဟ၊၃၃) **(၁၀-မှတ်)**

၂။ **(မေး)** နိဗ္ဗာန်ဂုဏ်ရည်ပြ သင်္ဂဟဂါထာကို အနက်ပေးပါ။

၂။ **(ဖြေ) နိဗ္ဗာန်ဂုဏ်ရည်ပြ သင်္ဂဟဂါထာ**

အစ္စုတံ၊ စုတိခြင်းမရှိသော။ အစ္စန္တံ၊ စုတိဟုဆိုအပ်သော အဆုံးကိုလွန်သော။ အသင်္ခတံ၊ ကံ,စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားတို့သည် မပြုပြင်အပ်သော။ အနုတ္တရံ၊ မိမိထက် လွန်သောတရားမရှိသော။ ပဒံ၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သောတရားကို။ နိဗ္ဗာနမီတိ၊ နိဗ္ဗာန်ဟူ၍။ ဝါနမုတ္တာ၊ ဝါန-ဟုဆိုအပ်သော တဏှာမှ လွတ်တော်မူကုန်သော။ မဟေသယော၊ မြတ်စွာဘုရား တို့သည်။ ဘာသန္တိ၊ ဟောတော်မူကုန်၏။ (ဗားကရား၊ ၂၁၃) **(၁၀-မှတ်)**

**မှတ်ချက်။ ။ မည်သည့်နိဿယဖြင့်မဆို သဒ္ဒါနည်းမှန်က အမှတ်ပေးရန်။**

၃။ **(မေး)** ကာမစိတ်(၅၄)ပါးကို ဇာတိဘေဒအားဖြင့် ရေတွက်ပြ၍၊ ပဉ္စမဈာန်စိတ်(၂၃)ပါးကိုလည်း မှန်စွာ ရေတွက်ပြပါ။

၃။ **(ဖြေ) ကာမစိတ်(၅၄)ပါးကို ဇာတိဘေဒအားဖြင့် ရေတွက်ပုံ**

အကုသိုလ်စိတ် ၁၂-ပါး၊
မဟာကုသိုလ်စိတ် ၈-ပါး၊
ကာမာဝစရဝိပါက်စိတ် ၂၃-ပါး၊
ကာမာဝစရကြိယာစိတ် ၁၁-ပါး၊ ပေါင်း (၅၄)ပါး။
**(တစ်နည်း - ဂါထာအလို)**
ဝိပါက်စိတ် ၂၃-ပါး၊
ကုသိုလ် အကုသိုလ်စိတ် ၂၀-ပါး၊
ကြိယာစိတ် ၁၁-ပါး၊ ပေါင်း (၅၄)ပါး။ (သင်္ဂဟ၊ ၈) **(၅-မှတ်)**

**မှတ်ချက်။ တစ်နည်းနည်းမှန်လျှင် အမှတ်ပြည့် ပေးရန်။**

**ပဉ္စမဈာန်စိတ်(၂၃)ပါး ရေတွက်ပုံ-**
ရူပါဝစရပဉ္စမဈာန်စိတ် ၃-ပါး၊
အရူပါဝစရစိတ် ၁၂-ပါး၊
လောကုတ္တရာပဉ္စမဈာန်စိတ် ၈-ပါး၊ ပေါင်း ၂၃-ပါး။ (သင်္ဂဟ၊ ၁၇) **(၅-မှတ်)**

၄။ **(မေး)** အောက်ပါတို့ကို သရုပ်ရေတွက်ပြပါ။
(က) ဆန္ဒပီတိနှစ်ပါးစုံ ယှဉ်သောအကုသိုလ်စိတ်။
(ခ) သုခသန္တီရဏနှင့်ယှဉ်သော စေတသိက်။
(ဂ) နှစ်ကိစ္စတပ်သောစိတ်။
(ဃ) ပဉ္စာရုံကို အာရုံပြုသောစိတ်။
(င) ပြုံးရယ်ခြင်းကို ဖြစ်စေနိုင်သောစိတ်။

၄။ **(ဖြေ)** **(က) ဆန္ဒပီတိနှစ်ပါးစုံ ယှဉ်သောအကုသိုလ်စိတ်**
လောဘမူ သောမနဿသဟဂုတ်စိတ် ၄-ပါး။ (သင်္ဂဟ၊ ၂၃) **(၂-မှတ်)**

**(ခ) သုခသန္တီရဏနှင့်ယှဉ်သော စေတသိက်**
ဆန္ဒ, ဝီရိယကြဉ် အညသမာန်စေတသိက် ၁၁-ပါး။ (သင်္ဂဟ၊ ၃၆) **(၂-မှတ်)**

**(ဂ) နှစ်ကိစ္စတပ်သောစိတ်**
သောမနဿသန္တီရဏစိတ်၊ မနောဒွါရာဝဇ္ဇန်း(ဝုဋ္ဌော)စိတ်။ (သင်္ဂဟ၊ ၄၅) **(၂-မှတ်)**

**(ဃ) ပဉ္စာရုံကို အာရုံပြုသောစိတ်**
ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်းဒွေး-ဟုဆိုအပ်သော မနောဓာတ် ၃-ပါး။ (သင်္ဂဟ၊ ၅၀) **(၂-မှတ်)**

**(င) ပြုံးရယ်ခြင်းကို ဖြစ်စေနိုင်သောစိတ်**
လောဘမူ သောမနဿဇော ၄-ပါး၊ ဟသိတုပ္ပါဒ်ဇော ၁-ပါး၊ မဟာကုသိုလ်သောမနဿဇော ၄-ပါး၊ မဟာကြိယာသောမနဿဇော ၄-ပါး၊ ပေါင်း ၁၃-ပါး။ (သင်္ဂဟ၊ ၁၀၃) **(၂-မှတ်)**

၅။ **(မေး)** ဂေါစရရုပ်(၇)ပါးကို ရေတွက်ပြ၍၊ အာယတန(၁၂)ပါး ပြားရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၅။ **(ဖြေ)** **ဂေါစရရုပ်(၇)ပါး ရေတွက်ပုံ**
ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, အာပေါဓာတ်ကြဉ် ဘူတရုပ် ၃-ပါးဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ။
(သင်္ဂဟ၊ ၉၆) **(၅-မှတ်)**

**အာယတန(၁၂)ပါး ပြားရခြင်းအကြောင်း-**
ဒွါရ ၆-ပါး, အာရုံ ၆-ပါးပြားသောကြောင့် အာယတန ၁၂-ပါး ပြားရပါသည်။
(သင်္ဂဟ-၁၂၉) **(၅-မှတ်)**

## အစိုးရပါဠိပထမပြန်စာမေးပွဲ

## ၁၃၈၇-ခုနှစ်၊ (၂၀၂၅) အခြေပြုမူလတန်း။ ။တိကမာတိကာ မေးခွန်းနှင့်အဖြေ

၁။ **(မေး)** အောက်ပါတို့ကို မာတိကာနိဒါန်း လာသည့်အတိုင်း ဖြေဆိုပါ။
(က) ဘုရားအလောင်းတော် ပဋိသန္ဓေယူတော်မူရာနေ့။
(ခ) မြတ်ဗုဒ္ဓ၏ အာသဝက္ခယဉာဏ်တော်ကို ရတော်မူရာအခါ။
(ဂ) တိကမာတိကာ၏ ပါဝင်ရာ ကျမ်းနှင့် ကဏ္ဍ။

**(ဖြေ)** **(က)** ဝါဆိုလပြည့်နေ့။ (ကောက်-၆) **(၃-မှတ်)**
**(ခ)** ပစ္ဆိမယာမ်။ (ကောက်-၈) **(၃-မှတ်)**
**(ဂ)** ပါဝင်ရာကျမ်းကား- ဓမ္မသင်္ဂဏီကျမ်း။ **(၂-မှတ်)**
ပါဝင်ရာကဏ္ဍကား - စိတ္တုပ္ပါဒကဏ္ဍ။ (ကောက်-၉) **(၂-မှတ်)**

၂။ **(မေး)** အောက်ပါတို့ကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။
(က) နေဝဝိပါကနဝိပါကဓမ္မဓမ္မာ။
(ခ) အနိဒဿနသပ္ပဋိဃာ ဓမ္မာ။

၂။ **(ဖြေ)** **(က) နေဝဝိပါကနဝိပါကဓမ္မဓမ္မာ-ကို အနက်ပေးပုံ**

နေဝဝိပါကနဝိပါကဓမ္မဓမ္မာ၊ အချင်းချင်းထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ် အကျိုးကို ဖြစ်စေခြင်းသဘောရှိသည်လည်း မဟုတ်ကုန်သော သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ် ကုန်သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ (ကောက်-၁၉) **(၅-မှတ်)**

**(ခ) အနိဒဿနသပ္ပဋိဃာ ဓမ္မာ-ကို အနက်ပေးပုံ**

အနိဒဿနသပ္ပဋိဃာ၊ မြင်ခြင်းမရှိ ထိပါးခြင်းနှင့်တကွဖြစ်ကုန်သော။ ဝါ- မြင်အပ်သည်၏အဖြစ်ကား မရှိ ထိပါးတတ်သည်၏ အဖြစ်နှင့်တကွ ဖြစ်ကုန်သော။ ဝါ- မြင်အပ်သည်မရှိ ထိပါးတတ်သည် နှင့်တကွ ဖြစ်ကုန်သော။ ဓမ္မာ-နိဿတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန် သော သဘောတရားတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ (ကောက်-၆၁) **(၅-မှတ်)**

၃။ **(မေး)** အောက်ပါတို့ကို ဆိုရိုးကျ အရကောက်ပြပါ။
(က) သောတာပတ္တိမဂ်သည် ပယ်အပ်သောတရား။
(ခ) မဟဂ္ဂုတ်တရားကို အနေကန်အာရုံပြုသောတရား။
(ဂ) အတိတ်တရားကို ဧကေန်အာရုံပြုသောတရား။

၃။ **(ဖြေ) (က) သောတာပတ္တိမဂ်သည် ပယ်အပ်သောတရား**

သောတာပတ္တိမဂ်သည် အကြွင်းမရှိသောအားဖြင့် ပယ်အပ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်(၁)ခု၊ မာန ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စကြဉ်သော စေတသိက်ဇာဝီသ၊ သောတာပတ္တိမဂ်သည် တနုကရအားဖြင့် ပယ်အပ်သော အပါယဂမနီယဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်(၄)ခု၊ ဒေါသမူဒွေး၊ ဒိဋ္ဌိ ဝိစိကိစ္ဆာကြဉ်သောစေတသိက်ပဉ္စဝီသ ရ၏။(ကောက်-၃၅) **(၄-မှတ်)**

**(ခ) မဟဂ္ဂုတ်တရားကို အနေကန်အာရုံပြုသောတရား**

မဟဂ္ဂုတ်တရားကို အာရုံပြုခိုက် အကုသိုလ်စိတ် ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ်(၈)ခု၊ မဟာကြိယာစိတ်(၈)ခု၊ အဘိညာဉ်ဒွေး၊ ဝိရတီ အပ္ပမညာကြဉ်သော စေတသိက် သတ္တစတ္တာလီသ ရ၏။ (ကောက်၊ ၄၄) **(၃-မှတ်)**

**(ဂ) အတိတ်တရားကို ဧကန်အာရုံပြုသောတရား။**

အတိတ်တရားကို မြဲသောအားဖြင့် အာရုံပြုသော ဝိညာဏဉ္စာယတနစိတ်(၃)ခု၊ နေဝသညာနာသညာယတနစိတ်(၃)ခု၊ စေတသိက်တိံသ ရ၏။ (ကောက်-၅၅) **(၃-မှတ်)**

၄။ **(မေး)** တိက်(၂၂)ပါးတို့တွင် (၁၅)ခုမြောက်တိက်၏ တတိယပဒအရကို ကောက်ပြပြီးလျှင်, သစ္စာမျှသာ ဆိုရိုးကျ ဖွဲ့ပြပါ။

၄။ **(ဖြေ) (၁၅)ခုမြောက်တိက်၏ တတိယပဒ-အရ**

နိယတမိစ္ဆာဒိဋ္ဌိကံ၏ အစွမ်းဖြင့်ဖြစ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ်(၄)ခု၊ သတ္တမဇော။ မာတုဃာတက ပိတုဃာတက အရဟန္တဃာတက လောဟိတုပ္ပါဒက သံဃဘေဒကတည်းဟူသော ပဉ္စာနန္တရိယကံ၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူဒွေး သတ္တမဇောမှတပါး အကုသိုလ်စိတ် ဒွါဒသ လောကီကုသိုလ် သတ္တရသ, ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ် ဝီသ, စေတသိက်ဒွေးပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ရ၏။ **(၅-မှတ်)**

**သစ္စာအားဖြင့် (၃)ပါးဟူသော်ကား-**

အကုသိုလ်စိတ် ဒွါဒသ, လောကီကုသိုလ် သတ္တရသ, လောကီဝိပါက်စိတ် ဗာတ္တိံသ, ကြိယာစိတ်ဝီသ လောဘကြဉ်သော စေတသိက်ဧကပညာသ, ရုပ် အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏။
လောဘသည် သမုဒယသစ္စာ မည်၏။
နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။
ဖိုလ်စိတ္တုပ္ပါဒ်(၃၇)ခုသည် သစ္စာဟူသောအရေအတွက်မှ လွတ်၏။
ဤသို့လျှင် သစ္စာအားဖြင့် (၃)ပါး ဖြစ်သတည်း။ (ကောက်-၄၇) **(၅-မှတ်)**

၅။ **(မေး)** အဇ္ဈတ္တာရမ္မဏတိက်၏ တိက်မုတ်အရကို ကောက်ပြ၍၊ အဘယ့်ကြောင့် အဘယ်တရားတို့ကို "တိက်မုတ်"ဟု ခေါ်ဆိုရပါသနည်း? ဖြေဆိုပါ။

၅။ **(ဖြေ) အဇ္ဈတ္တာရမ္မဏတိက်၏ တိက်မုတ်အရကား**
အာကိဉ္စညာယတနစိတ်(၃)ခု၊ စေတသိက်တို့သ၊ ထိုအာကိဉ္စညာယတနစိတ်၏ အာရုံဖြစ်သော နတ္ထိဘောပညတ်ကို အာရုံပြုခိုက် အကုသိုလ်စိတ်ဒွါဒသ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်စိတ်(၈)ခု၊ မဟာကြိယာစိတ်(၈)ခု၊ အဘိညာဉ်ဒွေး၊ ဝိရတီ အပ္ပမညာ ဣဿာ မစ္ဆရိယကြဉ်သော စေတသိက် ပဥ္စစတ္တာလီသ၊ ရုပ်အဌဝီသ နိဗ္ဗာန် ရ၏။ (ကောက်-၅၉) **(၆-မှတ်)**

**"တိက်မုတ်"ဟု ခေါ်ဆိုရပုံ**
ပရမတ္ထတရားလေးပါးကို သုံးစုပြု၍ ဟောသော်လည်း မကုန်သောတရားတို့ကို တိက်မှ လွတ်သောကြောင့် "တိက်မုတ်"ဟု ခေါ်ပါသည်။ (ကောက်-၆၈) **(၄-မှတ်)**

## ၁၃၈၇–၂၀၂၅ ခုနှစ်၊ မေးခွန်း နှင့် အဖြေမှန်များ

## ပြီးပါပြီ။

# တို့တာဝန်

ပုဒ္ဓဟောမြွက်၊ ဓမ္မစက်၊ နှုတ်တက်ဆောင်ပါလေ။
တို့မဆောင်က၊ ဘယ်သူမျှ၊ ဆောင်ကြမည်မဟုတ်ပေ။
ပုဒ္ဓဟောမြွက်၊ ဓမ္မစက်ကို
နှုတ်တက်မဆောင်၊ ယောင်တောင်တောင်
အမောင် ဘာကောင်နည်း ?

အရှင်သီလာနန္ဒာဘိဝံသ (မြစကြာ)

Scanned with CamScanner